# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 5 , 2025 | Volume 97 , Number 5


**၅-၁၂-၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၇၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၂.၈၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၁.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၁.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၉၀ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်းထုတ်ဓာတ်ဆီများအား တစ်လီတာ ၂၀၀ ကျပ် လျှော့ရောင်းမည်



ပြည်တွင်းထုတ် ဓာတ်ဆီအမျိုးမျိုးကို ဒီဇင်ဘာ ၄ ရက်ကစပြီး အရင်ရောင်းချနေတဲ့ ဈေးနှုန်းတွေထက် တစ်လီတာကို ၂၀၀ ကျပ်ထိ လျှော့ချရောင်းချပေးသွားမယ်လို့ စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းထုတ် Ron 68 ဓာတ်ဆီတွေကို အရင်က ပုဂ္ဂလိကကို တင်ဒါစနစ်နဲ့ ရောင်းချခဲ့ရာမှာ အခုနှစ် ဇန်နဝါရီလကစတင်ပြီး သုံးစွဲသူတွေထံ တိုက်ရိုက်ရောင်းချတဲ့စနစ်နဲ့ ဖြန့်ဖြူးရောင်းချပေးနေတယ်လို့ ဆိုပါတယ်။ ရေနံစိမ်းနဲ့သဘာဝဓာတ်ငွေ့ ရရှိမှုအပေါ်မူတည်ပြီး Ron 72 နဲ့ Ron 77 ဓာတ်ဆီတွေကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ယခုအခါ ရေနံစိမ်းကုန်ကြမ်းဈေးနှုန်းတွေ ကျဆင်းလာတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဒီဇင်ဘာ ၄ ရက်ကစတင်ပြီး ပြည်တွင်းထုတ် ဓာတ်ဆီအမျိုးမျိုးကို အရင်ရောင်းချနေတဲ့ ဈေးနှုန်းတွေထက် တစ်လီတာကို ၂၀၀ ကျပ်အထိ လျှော့ချပြီး ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်တယ်လို့ ထုတ်ပြန်ချက်အရသိရပါတယ်။ ဆက်လက်ပြီးလည်း အဆင့်မြင့် Ron ဓာတ်ဆီတွေ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတယ်လို့ စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

**Source:** https://onenewstvchannel.com/business/

## နှမ်းနက်ဈေးများ ကျဆင်းနေသောကြောင့် ပို့ကုန်သမားများ ဝယ်လိုအားကောင်းနေ




နယ်စုံမှ အသစ်ဝင်နှမ်းနက်များ ဈေးကွက်အတွင်း ဈေးအနည်းငယ် ကျဆင်းမှုရှိလာသော်လည်း ပို့ကုန်သမားများ ဝယ်လိုအားကောင်းနေကြောင်း ကုန်သည်များထံမှ သိရသည်။

ဒီဇင်ဘာလဆန်းပိုင်းတွင် နှမ်းနက်ပေါက်ဈေးမှာ ယခင် အမြင့်ဆုံးဈေးထက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀,၀၀၀ ခန့် ဈေးကွာခြားမှုရှိနေသောကြောင့် ဈေးပြန်လည်မြင့်တက်နိုင်သဖြင့် မျှော်မှန်းကာ ဝယ်လိုအားကောင်းနေခြင်းဖြစ်သည်။

ဒီဇင်ဘာလဆန်းပိုင်းမှာ ပဲကုန်သည်များ ငွေပေးချေမှု အခက်အခဲရှိသောကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် အနည်းငယ်အေးလာကြောင်း၊ နှမ်းနက်တစ်မျိုးသာ ဈေးကျဆင်းမှုကြောင့် ပို့ကုန်သမား လှောင်လက်သမားတွေ ငွေနိုင်သလောက် အရောင်းအဝယ်ရှိနေကြောင်း၊ ကုလားပဲအုပ်စုမှာ ကုန်ချောပဲခြမ်း အရောင်းအဝယ်အေးသဖြင့် လက်ကျန်ရှိသော်လည်း ဈေးမြင့်တက်လာခြင်းမရှိကြောင်း၊ ဆီစက်ပိုင်များ ဆီအရောင်းအေးနေသော်လည်း မြေပဲဆန်မှာ ဆက်လက်ဝယ်လိုအားကောင်းနေဆဲဖြစ်ကြောင်း ပဲကုန်သည်ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) ပိုင်ရှင်ကပြောသည်။

"ဒီဇင်ဘာလဆန်းပိုင်းမှာ ကုန်သည်တွေ ငွေပေးချေမှုအခက်အခဲရှိလို့ ပမာဏများများ အရောင်းအဝယ် အေးသွားပါတယ်။ အကျဈေးဖြစ်နေတဲ့ နှမ်းနက်ကတော့ ဆက်လက်ဝယ်လိုအားကောင်းနေသလို ငွေနိုင်သလောက် အရောင်းအဝယ်ကောင်းနေပါတယ်။ ပဲဖတ်ဈေးကတော့ အနည်းငယ်ဈေးကျသွားသလို မြေပဲဆီဆန်ကတော့ ဆက်လက် အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၃ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၃၈,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၅၇,၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၃၅,၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၄၀,၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၂၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၂၅,၀၀၀၊ 929 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၃၇,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၃ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ကျပ် ၆၈၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၉၀၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ကျပ် ၅၀၀,၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ကျပ် ၂၇၀,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ကျပ် ၄၄၀,၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၃ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၇၃၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၇၅,၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၇၀၀-၈၈၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၃,၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ကျပ် ၆၇၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အခွန်ကင်းလွတ်ခွင့်ကာလ နီးကပ်လာ၍ ပြောင်းဈေးအနည်းငယ်တက်လာ




ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်ရန် အချိန်နီးကပ်လာပြီဖြစ်၍ ပြောင်းဈေးအနည်းငယ် ပြန်တက်လာကြောင်း ကုန်သည်များနှင့်ပြောင်း စိုက်တောင်သူများထံမှ သိရပါသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခြင်းကို စက်တင်ဘာလမှ ဇန်နဝါရီလကုန်အထိ ၅ လတာခန့် ဝယ်ယူမှုရပ်ဆိုင်းထားခြင်းဖြစ်ပြီး ပြန်လည်တင်ပို့နိုင်ရန် အချိန်နှစ်လခန့်သာ လိုတော့ကြောင်းလည်း သိရပါသည်။

“ထိုင်းနိုင်ငံကို တင်ပို့မှုတွေ ရပ်နားထားတော့ ပြောင်းဈေးတွေက ထင်သလောက် ဈေးမရတာပါ၊ ပြည်တွင်းပြောင်းက ထိုင်းနိုင်ငံကိုပဲ အားထားပြီး တင်ပို့ရတာပါ၊ ကျန်တဲ့နိုင်ငံက ထင်သလောက် ဈေးမရဘူး၊ အခုက ထိုင်းနိုင်ငံကို ဖေဖော်ဝါရီလမှစပြီး ပြန်လည်တင်ပို့နိုင်တော့မှာပါ။ ထိုင်းနိုင်ငံက တစ်နှစ်ပြောင်းတန်ချိန် ၉ သန်းလောက်လိုပါတယ်၊ လိုတဲ့ပြောင်းရဲ့ ၈၈ ရာခိုင်နှုန်းက မြန်မာကသွင်းရတာပါ၊ သူတို့ပြောင်းပေါ်ချိန်မှာဆို ပြောင်းတင်ပို့မှုအပေါ် အခွန်ကောက်ပေမဲ့ ကျန်တဲ့လမှာဆိုရင် အခွန်လွတ်နဲ့ တင်ပို့ခွင့်ပေးထားတာပါ” ဟု ပြောင်းကုန်သည်တစ်ဦးက ပြောထားပါသည်။

ပြီးခဲ့သည့် နိုဝင်ဘာလလယ်က ပြောင်းတစ်ပိဿာကို ၁၃၇၀ ကျပ်ထိသာရှိခဲ့ပြီး လက်ရှိဘုရင့်နောင်ကုန်စည်ဒိုင် ဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာကို ၁၄၆၀ ကျပ် အထိ ပြန်လည်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါသည်။ ထို့ပြင် ပြောင်း FOB ဈေးနှုန်းမှာ ၂၃၀ ဒေါ်လာ မှ ၂၄၀ ဒေါ်လာ ပတ်ဝန်းကျင်ဖြင့် ဈေးငြိမ်နေကြောင်း သိရပါသည်။

၂၀၂၆ ခုနှစ် ပြောင်းပြန်လည်တင်ပို့သည့် ကာလတွင် ထိုင်းအစိုးရမှ ပြောင်းဝယ်ယူမှုနှင့်ပတ်သက်ပြီး မူဝါဒများ ပြန်လည်ချမှတ်နိုင်ခြင်းကြောင့် စောင့်ကြည့်ရမည့်အနေအထားတွင်ရှိကြောင်း သိရပါသည်။ တောင်သူများအနေဖြင့် ယခုနှစ်မှာ သွင်းအားစုဈေးမြင့်တက်သည့်ဒဏ်ကို ကြံ့ကြံ့ခံ၍ စိုက်ပျိုးခဲ့ကြခြင်းဖြစ်၍ စိုက်စရိတ်ယခင်နှစ်များထက် ပို၍ကုန်ကျခဲ့ကြောင်းလည်းသိရသည်။

“ဈေးက ဒီထက်ကျလည်း တောင်သူတွေ ရှုံးဖို့ပဲရှိတယ်။ အစစအရာရာဈေးတက်နေတဲ့အချိန် စိုက်စရိတ်လဲကြီးတယ်။ တောင်သူတွေအဖို့ စိုးရိမ်စိတ်နဲ့ စိုက်နေရတယ်။ လမ်းကြောင်းပွင့်တဲ့အချိန် ဈေးလေးတက်လာရင်တော့ ကောင်းတာပေါ့။ ဈေးတက်လည်း တောင်သူဈေးက သပ်သပ်ကိုရှိတာ။ ဈေးကတော့ ထင်သလောက်မရဘူးပေါ့။ ဒါပေမဲ့ စိုက်စရိတ်ကျော်ကျော်လေးရရင်ကို တောင်သူတွေအတွက်က အဆင်ပြေပါတယ်”ဟု ပြောင်းစိုက်သူတစ်ဦးကပြောသည်။

မြန်မာ့ဒေသထွက် ပြောင်းသီးနှံများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ထိုင်းနိုင်ငံထံ တင်ပို့နေရပြီး တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အိန္ဒိယစသည့်နိုင်ငံများကိုလည်း အနည်းငယ် တင်ပို့လျက်ရှိကြောင်းသိရပါသည်။ ယခင်က မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသို့ နယ်စပ်မှ အဓိကတင်ပို့ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နယ်စပ်ကုန်သွယ်မှုမှ အဆင်မပြေသည့်အတွက် ပင်လယ်ရေကြောင်းမှ အဓိကထား တင်ပို့နေရကြောင်းလည်း သိရပါသည်။

**Source: (AMIA)**

https://www.htwettoe.com/download

## ငရုတ်သီးနမူနာများကို ဓာတ်ခွဲစစ်ဆေးပြီးမှ ပြည်ပပို့ခွင့်ပြုမည်ဟု အသိပေး



ငရုတ်သီးတင်ပို့မဲ့ကုမ္ပဏီတွေကို ငရုတ်သီးနမူနာတွေ ဓာတ်ခွဲစစ်ဆေးပြီးမှ ပြည်ပဝယ်လက်နိုင်ငံတွေထံ တင်ပို့ခွင့်ပြုတော့မယ်လို့ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲကနေ အသိပေးလာပါတယ်။

မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံကို တင်ပို့ခဲ့တဲ့ ငရုတ်သီး(အခြောက်)နဲ့ ငရုတ်သီး(အစို)တွေမှာ Chlorpyrifos နဲ့ Triazophos ပိုးသတ်ဆေး၊ Glyphosate ပေါင်းသတ်ဆေး၊ Aflatoxin မှိုအဆိပ် ဓာတ်ကြွင်းတွေ တွေ့ရှိခဲ့ရတယ်လို့ ဆိုပါတယ်။

အဆိုပါဖြစ်စဉ်ကို စိစစ်ရာမှာ ငရုတ်သီး(အခြောက်)နဲ့ ငရုတ်သီး(အစို)တွေကို မြဝတီနယ်စပ် ပိုးမွှားထိန်းချုပ်ရေးစခန်းမှ ကုမ္ပဏီ ၁၁ ခုနဲ့ မောတောင်နယ်စပ် ပိုးမွှားထိန်းချုပ်ရေးစခန်းမှ ကုမ္ပဏီ ၁ ခုတို့မှ တင်ပို့ခဲ့တာကို စိစစ်တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံကနေ တင်ပို့မဲ့ ငရုတ်သီးတွေကို မတင်ပို့မီ နမူနာတွေကို စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်) မှ ISO 17025 လက်မှတ်ရရှိတဲ့ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းကို ပေးပို့စစ်ဆေးရတော့မှာလည်းဖြစ်ပါတယ်။

ငရုတ်သီးတွေကို ပြည်ပဈေးကွက်တွေဖြစ်တဲ့ ထိုင်းနိုင်ငံကို အဓိကထားတင်ပို့နေရပြီး တရုတ်၊ လာအို၊ မလေးရှားစတဲ့ နိုင်ငံတွေကလည်း ဝယ်လိုအားရှိနေပါတယ်။

ငရုတ်သီးနှံကို နှစ်စဉ် မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နဲ့ ဆောင်းငရုတ်ဆိုပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကာ မိုးကြိုငရုတ်ကို မတ်လနဲ့ဧပြီလတို့မှာ စိုက်ပျိုးပြီး ဇွန်လမှာ စတင်ခူးဆွတ်လေ့ရှိပါတယ်။

မြန်မာ့ငရုတ်ကို မန္တလေးတိုင်းဒေသကြီးနဲ့စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးတာဖြစ်ကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။

ဒီဇင်ဘာ ၄ ရက်နေ့၊ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ငရုပ်အမျိုးအစားအလိုက် ပန်းရဲတစ်ပိဿာ ၇,၅၀၀/၈,၅၀၀ ကျပ်၊ မြားနီတစ်ပိဿာ ၁၇,၀၀၀/၁၈,၀၀၀ ကျပ်၊ ပျော်ဘွယ် မိုးထောင် တစ်ပိဿာ ၁၄,၀၀၀ ကျပ်၊ ဆင်ဖြူကျွန်း(ပု) တစ်ပိဿာ ၃၁,၀၀၀/၃၂,၀၀၀ ကျပ်၊ မြစ်ဝ (ပု/AC) တစ်ပိဿာ ၃၀,၀၀၀ ကျပ် ဈေးရှိကြောင်း သိရပါတယ်။

**Source: BETV Business**

## မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာဈေးရှိ ကွမ်းသီး၊ ကွမ်းရွက်ဈေးကွက်အခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာဈေးကွက်တွင် ကွမ်းရွက်များကို ကျောက်ဆည်၊ ရေဝန်း၊ တံတားဦးမြို့များမှ ဝင်ရောက်လျက်ရှိပြီး ကွမ်းသီးများကို မော်လမြိုင်၊ မြိတ်၊ ထားဝယ်တို့မှ ဝင်ရောက်လျက်ရှိကြောင်း သိရှိရပါသည်။ မိတ္ထီလာမြို့ ဈေးကြီးထဲရှိ ကွမ်းသီး၊ ကွမ်းရွက်အရောင်းဆိုင်များတွင် ကွမ်းရွက်နု(ယာကွမ်း)များကို တစ်ပိဿာလျှင် ၁၄,၀၀၀ ကျပ်၊ ကွမ်းရွက်ကြီး တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်၊ ကွမ်းသီးရှယ် တစ်ပိဿာလျှင် ၂၅,၀၀၀ ကျပ်၊ ကွမ်းသီးရိုးရိုး တစ်ပိဿာလျှင် ၂၀,၀၀၀ ကျပ် စသည်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: https://www.doca.gov.mm**

## ဂန္ဓမာပန်းဖောက်သည်နည်းလာ၊ ပန်းများကိုနယ်ဝေးသို့ တင်ပို့နေရ



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ထဲက ဂန္ဓမာပန်းစိုက်ခင်းတွေထဲကို အခုနှစ်မှာ ဖောက်သည်လာရောက်ဝယ်ယူမှုတွေ နည်းလာတဲ့အတွက် တခြားနယ်တွေကို တင်ပို့နေရတယ်လို့ ပန်းစိုက်တောင်သူတွေက ပြောပါတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အခုလိုပန်းဝယ်ယူမှု နည်းပါးလာတဲ့အတွက် ရန်ကုန်၊ အောင်လံ၊ ပုသိမ်စတဲ့မြို့တွေကို ကားနဲ့တင်ပို့ရောင်းချနေကြရတာပါ။

ပန်းဈေးကွက်ကတော့ အရင်နှစ်တွေနဲ့ ကွာခြားမှုမရှိပေမဲ့ အခုနှစ်မှာ မိုးရွာသွန်းမှုများခဲ့တာကြောင့် ရေများပျက်စီးတာတွေလည်းရှိသလို ကျန်တဲ့ပန်းပင်တွေမှာလည်း မှိုရောဂါကျရောက်တာတွေကြောင့် အထွက်နှုန်းလျော့ကျတယ်လို့ သိရပါတယ်။ အခုနှစ်က ဖောက်သည်လည်း အရနည်းသလို ရေနစ်မြုပ်ခဲ့တာကြောင့် ပန်းစိုက်တဲ့အရင်းအနှီးဖိုးသာရတယ်လို့ မင်းဘူးမြို့နယ် ပေါက်ပင်တွင်းကျေးရွာနေ ပန်းစိုက်တောင်သူ ကိုမျိုးမင်းဦးက ပြောပါတယ်။

မင်းဘူးမြို့နယ်အတွင်းမှာ ဂန္ဓမာပန်းစိုက်ပျိုးတာကို ပြီးခဲ့တဲ့ ဇွန်လက စတင်စိုက်ပျိုးကြပြီး ရောင်းချမှုကို အောက်တိုဘာလကနေ လာမဲ့ဖေဖော်ဝါရီလအထိ ရောင်းချကြတာပါ။ ဂန္ဓမာပန်းကို အမျိုးအစား ၁၀ မျိုးလောက်စိုက်ပျိုးကြပြီး အဓိကရောင်းအားကောင်းတာကတော့ ကြွေဖြူ၊ ရွှေဝါဝင်း၊ စံပယ်ဖြူ၊ ကျောက်စိမ်း၊ ရွှေစိမ်း၊ မြစံပယ်ဖြူစတဲ့ ပန်းအမျိုးအစားတွေဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/business/

## အိန္ဒိယနိုင်ငံသို့ ပန်းသီးများ ကွန်တိန်နာ ၁၂ လုံးခန့်တင်ပို့တော့မည့် Afghanistan နိုင်ငံ

အိန္ဒိယနိုင်ငံသို့ Afghanistan နိုင်ငံ Kabul ပြည်နယ်မှ ပန်းသီးများ ကွန်တိန်နာ ၁၂ လုံးခန့် တင်ပို့တော့မည်ဖြစ်ကြောင်း သိရပါသည်။ အဆိုပါကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ခန့် တန်ကြေးရှိပြီး Afghan ကုန်သည်များနှင့် ညှိနှိုင်း၍ အိန္ဒိယနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရပါသည်။ Afghanistan နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သစ်သီးခြောက်တင်ပို့မှုတွင် အလုပ်လုပ်ဖူးသော အိန္ဒိယနိုင်ငံမှ စီးပွားရေးသမားများသည် ၎င်းတို့အနေဖြင့် Afghanistan နိုင်ငံမှ သစ်သီးများ အထူးသဖြင့် ပန်းသီးများဝယ်ယူရန်အတွက် စိတ်ဝင်စားမှုများရှိနေကြောင်း ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံသားကုန်သည် Murtaza Mansoor က "၎င်းတို့အနေဖြင့် အိန္ဒိယအစိုးရအား ကျေးဇူးတင်ရှိကြောင်းနှင့် Afghanistan အစိုးရကိုလည်း နှစ်နိုင်ငံကြား လွတ်လပ်စွာကုန်သွယ်ခွင့် ခွင့်ပြုခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါ သဘောတူညီမှုသည် နှစ်နိုင်ငံကြားကုန်သွယ်ရေးချဲ့ထွင်ခြင်းနှင့် ဖွံ့ဖြိုးတက်ခြင်းတို့ကို ဖန်တီးပေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။ Afghan ကုန်သည်အချို့ကလည်း အဆိုပါကနဦး လုပ်ဆောင်ချက်၏ ရည်မှန်းချက်သည် Afghanistan နိုင်ငံ၏ ထုတ်ကုန်များအတွက် ဈေးကွက်များ ဖွင့်လှစ်စေနိုင်ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် Afghanistan နိုင်ငံ၏ ကုန်ပစ္စည်းများ၊ အထူးသဖြင့် သစ်သီးများအတွက် အားကောင်းသော ဈေးကွက်ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ Afghanistan နိုင်ငံသားကုန်သည်တစ်ဦး Abdul Malik Montazer က "အိန္ဒိယနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် Afghanistan နိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံသင့်ကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ အလည်သွားသည့် စက်မှုလက်မှုနှင့် စီးပွားရေးရာဝန်ကြီးအနေဖြင့် လေကြောင်းနှင့် ကုန်းကြောင်း လမ်းများဖန်တီး၍ တင်ပို့မှုအခွင့်အလမ်းများ ပြန်လည်ယူဆောင်လာရန်အတွက် ၎င်းတို့အနေဖြင့် မျှော်မှန်းကြောင်း ပြောကြားခဲ့ပါသည်။ Afghanistan နိုင်ငံမှ စိုက်ပျိုးရေးခြံပိုင်ရှင်များသည်လည်း ၎င်းတို့အနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုအခွင့်အလမ်းများ ပေါ်ပေါက်လာသည့်အတွက် ကျေနပ်မှုရှိကြောင်းနှင့် တစ်ခြားနိုင်ငံများသို့ သစ်သီးနှင့်တစ်ခြားသော

စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့နိုင်ရန် လမ်းကြောင်းများကို ပိုမိုဖွင့်လှစ်သင့်ကြောင်း အထူးအလေးပေးပြောကြားခဲ့ပါသည်။ အဆိုပါတင်ပို့မှုသည် စီးပွားရေးရာဒုတိယဝန်ကြီးနှင့် Afghanistan နိုင်ငံမှ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များနှင့်အတူ ပြုလုပ်ခဲ့သော အစည်းအဝေးအပြီးတွင် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရပါသည်။

**Source:** https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_04122025%201445

## ရွှေ၊ ကျောက်မီးသွေးနှင့် သတ္တုရိုင်းများအတွက် ပို့ကုန်အခွန်တွက်ချက်မှုကို အတည်ပြုလိုက်သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှား၊ စွမ်းအင်နှင့်သတ္တုတွင်းထွက်ရင်းမြစ်ဝန်ကြီးဌာနသည် ရွှေအပါအဝင် ကျောက်မီးသွေးနှင့် အခြား သတ္တုတွင်းထွက် ပစ္စည်းများအတွက် ပို့ကုန်အခွန်တွက်ချက်မှုကို ကမ္ဘာ့ရွှေဈေးနှုန်းနှင့်အညီ သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ရောင်းဈေးများနေပါက ပို့ကုန်အခွန်ကောက်ခံသွားမည်ဖြစ်ပြီး ရောင်းဈေးနည်းပါက ကောက်ခံမည်မဟုတ်ကြောင်း၊ သို့သော် ရောင်းဈေးများနေသော ရွှေကိုမူ ပို့ကုန်ခွန်ကောက်ခံမည်ဖြစ်ကြောင်း ဝန်ကြီး BahlilLahadalia က ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်ဝင်ငွေ တိုးတက်စေရန်နှင့် သတ္တုလုပ်ငန်းကဏ္ဍတွင် နောက်ဆုံးအဆင့် ကုန်ထုတ်လုပ်မှုများကို အားပေးရန်ရည်ရွယ်၍ ရွှေပို့ကုန်ခွန်အား ၇ ဒသမ ၅ ရာခိုင်နှုန်း မှ ၁၅ ရာခိုင်နှုန်းအထိ ကောက်ခံတော့မည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်၊ နိုင်ငံတော်ဘဏ္ဍာငွေဥပဒေအရ ရွှေတင်ပို့ခွင်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခုကို ဘဏ္ဍာရေးဝန်ကြီးဌာနက မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုသည် နိုင်ငံပိုင် Pegadaian နှင့် Bank Syariah Indonesia (BSI) မှတစ်ဆင့် ရွှေဝယ်လိုအား မြင့်မားနေကြောင်း၊ ရွှေတင်ပို့ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်သည် ရွှေဒင်္ဂါး၊ ရွှေမှုန်၊ ရွှေချောင်းနှင့် သန့်စင်ပြီးရွှေချောင်းများပါဝင်ကြောင်း ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး Purbaya Yudhi Sadewa က ရွှေပို့ကုန်ခွန် စည်းကြပ်ပါက အစိုးရအနေဖြင့် ဘဏ္ဍာငွေအပိုအဖြစ် ရူပီး ၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၆၀ သန်းခန့်) အထိရရှိမည်ဟု ပြောကြားခဲ့သည်။

**ရင်းမြစ်။ https://en.antaranews.com/**

**Source: https://commerce.gov.mm**

https://myantrade.gov.mm/article/naypyitaw_04122025%201430

## STOCK EXCHANGE (5.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 667 | 5,736,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,650 | -100 | -2.67% | 3,700 | 3,700 | 3,650 | 46 | 169,650 | 38,929,150 | 142,091 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,000 | 8,500 | 7,900 | 4,022 | 32,682,100 | 10,400,986 | 84,248 |
| FPB | 00004 | 2,350 | +50 | +2.17% | 2,300 | 2,350 | 2,300 | 828 | 1,945,400 | 29,664,613 | 69,712 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 306 | 505,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,650 | 34 | 124,100 | 10,497,598 | 38,316 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 1,726 | 5,350,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 405.76 | -2.38 | -0.58% | 405.45 | 407.44 | 404.13 | 7,629 | 46,513,250 | 8 | 765,336 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Dec. 2025

| Trading Volume | Trading Value |
|---|---|
| 8,629 (Shares) | 49,163,250 (MMK) |

### Main Board

As of 1:00 pm, 5th Dec. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,629 (Shares) | 46,513,250 (MMK) |

| MYANPIX | 405.76 ▼ 2.38 |
|---|---|
| Total Volume (shares) | 7,629 |
| Total Value (MMK) | 47 mil |
| Listed Company | 8 |
| Market Cap. (MMK) | 765,336 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,650 | ▼100 |
| MCB | 00003 | 8,100 | ▼200 |
| FPB | 00004 | 2,350 | ▲50 |
| TMH | 00005 | 3,000 | ▲0 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,650 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |